**အပ်ငွေသုံးဆ ပြန်လည်ပေးအပ်မည့်**

**Lucky Draw Campaign ၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ**

၁။ အပ်ငွေသုံးဆ ပြန်လည်ပေးအပ်မည့် Lucky Draw Campaign ကာလကို ၂၀၂၄ခုနှစ် မေလ ၂ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလလ ၃၁ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။

၂။ အပ်ငွေသုံးဆ ပြန်လည်ပေးအပ်မည့် Lucky Draw Campaign တွင်ပါဝင်ရန်၊ Customer များသည် ကမ္ဘောဇဘဏ်၏ Eaxi Account ဖြစ်ရန်လိုအပ်ပါသည်။ ဤ Campaign သည် New Cash Eaxi Account နှင့် Ordinary Eaxi Account အမျိုးအစား (၂) မျိုးလုံးအကျုံးဝင်ပါသည်။

၃။ အပ်ငွေသုံးဆ ပြန်လည်ပေးအပ်မည့် Lucky Draw Campaign ၏ ရည်ရွယ်ချက်မှာ Eaxi Account များတွင် နေ့စဉ်နှင့် လစဉ်ငွေသွင်းသော Eaxi Account (Individual) Customer များအတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် ကံစမ်းရန် အခွင့်အရေးအား ပေးအပ်ပြီး ကံထူးရှင်များမှ နေ့စဉ်နှင့် လစဉ်ငွေသားဆုလက်ဆောင်များကို ပြန်လည် ရရှိနိုင်ရန်ဖြစ်သည်။

**Daily Lucky Draw**

၄။ ဤ Campaign ကာလအတွင်း Daily Lucky Draw အတွက် Eaxi Account (Individual) Customer များသည် မေလမှစ၍၎င်းတို့ အပ်ငွေစာရင်းများ၏ နေ့စဉ် စာရင်းပိတ် လက်ကျန်ငွေ (Closing Balance) အပ်ငွေပမာဏ အနဲဆုံး ၁သိန်း(၁၀၀,၀၀၀)ကျပ် ရှိလျှင် Daily Lucky Drawတွင် ပါဝင်ကံစမ်းနိုင်ပြီး ကံထူးသွားသော Customerများ သည် Cash Back ၅ သောင်း (၅၀,၀၀၀) ကျပ်အား ရရှိမည်ဖြစ်သည်။ ဤ Campaign သည် Monthly Lucky Draw အစီအစဉ် မလာခင် Eaxi Account (Individual) ကိုအသုံးပြုနေသော Customer များအတွက် နေ့စဉ် အကျိုးခံစားခွင့် ရရှိရန် ရည်ရွယ်ပါသည်။ Daily Lucky Draw အတွက် ကံထူးရှင်များကို ၂၀၂၄ခုနှစ် မေလ ၂ ရက်နေ့မှစ၍ ဘဏ်ဖွင့်ရက်များတွင် တစ်ရက်လျှင် တစ်ယောက်စီ ရွေးချယ်မည်ဖြစ်သည်။

၅။ ကမ္ဘောဇဘဏ်သည် ဤ Campaign ကာလအတွင်း Daily Lucky Draw အတွက် နေ့စဉ် မေလ ၂ ရက်နေ့မှစ၍ ကံထူးရှင်များ ကိုရွေးချယ်မည်ဖြစ်ပြီး တစ်ပတ်လျှင် တစ်ကြိမ် ကမ္ဘောဇဘဏ်၏ Official Website နှင့်

အပြာရောင်အမှန်ခြစ်ပါသော KBZ Bank Social Media Channel တို့တွင် မေလ ၁၃ ရက်မှစတင်၍ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

၆။ ဤ Campaign ကာလအတွင်း Daily Lucky Draw အတွက် ကံထူးရှင်များအား မေလမှစ၍ ရက်သတ္တပါတ်အပတ်တိုင်း၏ တနင်္လာနေ့တွင်  နောက်ဆုံးထား၍ ရွေးချယ်မည်ဖြစ်ပြီး ကံထူးရှင်များရွေးချယ်ပြီးနောက် အလုပ်လုပ်ရက် (၂) ရက်အတွင်း ကံထူးရှင်များကို  အပြာရောင်အမှန်ခြစ်ပါသော KBZ Bank Social Media Channel မှတဆင့် ကြေညာပြီးနောက် ကံထူးရှင်များ ၏ Mobile ဖုန်းသို့ SMS ပေးပို့ အကြောင်းကြားမည် ဖြစ်ပါသည်။

**<u>Monthly Lucky Draw</u>**

၇။ ဤ Campaign ကာလအတွင်း Monthly Lucky Draw အတွက် Eaxi Account (Individual) Customer များသည် မေလမှစ၍၎င်းတို့ အပ်ငွေစာရင်းများ၏ လစဉ် ပျမ်းမျှအပ်ငွေပမာဏ ပေါ်မူတည်၍ Lucky Draw Winner သည် အပ်ငွေ၏ သုံးဆကို Cash Back ပြန်လည်ရရှိမည်ဖြစ်သည်။ မေလအတွက် ကံထူးရှင်များ ကို ဇွန်လဆန်းနှင့်  ဇွန်လအတွက် ကံထူးရှင်များကို ဇူလိုင်လဆန်းတွင် ရွေးချယ်မည်ဖြစ်ပြီး တစ်လလျှင် ကံထူးရှင် ငါးယောက် စီ ရွေးချယ်သွားမည်ဖြစ်သည်။ (ရှင်းလင်းချက် - မေလ၏ ပျမ်းမျှအပ်ငွေသည် ၃ သိန်း (၃၀၀,၀၀၀) ကျပ် ရှိလျှင် Cashback ၉  သိန်း ပြန်လည်ရရှိမည်ဖြစ်သည်။)

**Cashback Reward သည် အများဆုံး ၁၀ သိန်းအထိသာ အကျုံးဝင်မည်ဖြစ်သည်။ **

၈။ ကမ္ဘောဇဘဏ်သည် ဤ Campaign ကာလအတွင်း Monthly Lucky Draw အတွက် ကံထူးရှင်ကို လစဉ် လဆန်း(၇) ရက်နေ့တွင် ကံထူးသူများ ကိုရွေးချယ်ပြီးနောက် အလုပ်လုပ်ရက် (၂) ရက် အတွင်း တစ်လလျှင် တစ်ကြိမ် ကမ္ဘောဇဘဏ်၏ အပြာရောင်အမှန်ခြစ်ပါသော KBZ Bank Social Media Channel မှတဆင့် ကြေညာမည်ဖြစ်ပြီး ကံထူးရှင်များ ၏ Mobile ဖုန်းသို့လည်း SMS ပေးပို့ အကြောင်းကြားမည် ဖြစ်ပါသည်။

၉။ ဤ Campaign ကာလအတွင်း နေ့စဉ်နှင့် လစဉ်ဆုလက်ဆောင်များ၏  ကံထူးရှင်များကို  အပြာရောင်အမှန်ခြစ်ပါသော KBZ Bank Social Media channel မှ တဆင့်  ကြေညာပြီးသည့်နေ့မှစတင်၍ အလုပ်လုပ်ရက် (၇) ရက်အတွင်း

ကံထူးရှင်များ ဖွင့်ထားသော Eaxi Account (Individual) ထဲသို့ ဆုငွေလက်ဆောင်များကို ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၁၀။ ကမ္ဘောဇဘဏ် မှ ကံထူးရှင်များ၏ Eaxi Account (Individual) ထဲသို့ ဆုငွေလက်ဆောင် ထည့်သွင်းပြီးကြောင်းအား ကံထူးရှင်များ ၏ Mobile ဖုန်းသို့လည်း SMS ပေးပို့မည်ဖြစ်ပါသည်။ ။

၁၁။ ဤ Campaign ကာလအတွင်း ဆုရရှိသည့် ကံထူးရှင်များကို ကမ္ဘောဇဘဏ်၏ Social Media Channel များနှင့် Website များတွင် ကြေညာရန်အလို့ငှာ ဆုလက်ဆောင် ကံထူးရှင်များ၏ အမည်ကို ကမ္ဘောဇဘဏ်မှ အသုံးပြုနိုင်သည်ကို ဆုလက်ဆောင် ကံထူးရှင်များမှ သိရှိပြီး သဘောတူ ပါသည်။

၁၂။ ကမ္ဘောဇဘဏ် ဝန်ထမ်းများသည် ယခု Campaign တွင် ပါဝင်သူများအား ဆက်သွယ်ပြီး ၎င်းတို့၏ OTP သို့မဟုတ် PIN နှင့်ပတ်သက်သည့် မည်သည့်သတင်းအချက်အလက်ကိုမျှ တောင်းခံမည် မဟုတ်ပါ။

၁၃။ ဤCampaign ကာလအတွင်း မည်သည့်လိမ်လည်လှည့်ဖြားမှုမျိုးကိုမျှ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထား ပါသည်။ လိမ်လည်မှုအား မည်သည့်ပုံစံမျိုးဖြင့်မဆို ကျူးလွန်သည်ဟု သံသယဖြစ်ခြင်းခံရသည့် မည်သူ့ကိုမဆို ကမ္ဘောဇဘဏ် က ပယ်ဖျက်ခြင်း နှင့်/သို့မဟုတ် ပိတ်ပင်ခြင်းပြုလုပ်ပိုင်ခွင့်ရှိသည်။

၁၄။ ဤ Campaign ကာလနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ် Customer များ နှင့် ကမ္ဘောဇဘဏ် တို့အကြား အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုအငြင်းပွားမှုအား ကမ္ဘောဇဘဏ် ၏ တာဝန်ရှိသူများမှ ပြဌာန်းဥပဒေအရ Customer များ၏ ရထိုက်ခွင့်ရှိသည့် အခွင့်အရေးအား ထိခိုက်နစ်နာမှုမရှိစေရန် သေချာစွာစိစစ်၍ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၁၅။ ကမ္ဘောဇဘဏ် သည် မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ရာသော အကြောင်းကြောင့် အသိပေး အကြောင်းကြားနိုင်ခြင်းမရှိဘဲ သတ်မှတ်ထားသော စည်းမျဉ်း နှင့် စည်းကမ်းများကို ပြင်ဆင် ပြောင်းလဲခြင်း၊ ရပ်စဲခြင်း နှင့်၊ သို့မဟုတ် အစီအစဉ်အား ပယ်ဖျက်ခွင့် နှင့် အစီအစဉ်နှင့်ပတ်သက်သော အကျိုးခံစားခွင့် သို့မဟုတ် သွင်ပြင်လက္ခဏာများအား ပြောင်းလဲခွင့် နှင့်၊ သို့မဟုတ် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပိုင်ခွင့် တို့အား အခြေအနေအရ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၆။ ကမ္ဘောဇဘဏ် အနေဖြင့် တစ်စုံတစ်ရာသောအကြောင်းကြောင့် အသိပေးအကြောင်းကြားနိုင်ခြင်းမရှိဘဲ ဤအစီအစဉ်အား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း (သို့မဟုတ်) စည်းကမ်းချက်တစ်စုံတစ်ရာ ပြောင်းလဲခြင်းကြောင့် ကမ္ဘောဇဘဏ် Customer များအနေဖြင့် လျော်ကြေးတစ်စုံတစ်ရာ ရပိုင်ခွင့်မရှိသည်ကို သိရှိသဘောတူပါသည်။

၁၇။ ကမ္ဘောဇဘဏ် နှင့် သက်ဆိုင်သော ပုံမှန်စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ နှင့် ဆုလက်ဆောင်များ အသီးသီးတွင် သတ်မှတ်ပါရှိသော စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင် စေရမည်။

၁၈။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့် အညီ အဓိပ္ပါယ်ဖွင့်ဆိုရမည်။

၁၉။ ကမ္ဘောဇဘဏ် သည် COVID-19 ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ သို့မဟုတ် ကမ္ဘောဇဘဏ် အနေဖြင့် ထိန်းချုပ်၍ မရသော အခြေအနေနှင့်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များ ဖြစ်ပေါ်မှုကြောင့်ဖြစ်စေ ဆောင်ရွက်ထားသည့် မည်သည့်လုပ်ဆောင်မှုမျိုး ကိုမဆို အခြေအနေအရပ်ရပ်ပေါ်မူတည်၍ ပြောင်းလဲခွင့် ရှိပါသည်။ မမျှော်မှန်းနိုင်သော ဖြစ်ရပ်များ ဖြစ်ပျက်နေစဉ်ကာလအတွင်း ကမ္ဘောဇဘဏ် မှ ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ် အနေဖြင့် ကမ္ဘောဇဘဏ် Customer အပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး အပေါ်တွင်ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

၂၀။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေးသားထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာ နှစ်မျိုးဖြင့် ရေးသားထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှု တစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသား ထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုသာလျှင် အမှန်ယူမည် ဖြစ်သည်။